# 'အမျိုးသား ညီညွတ်ရေး ကွန်ဂရက် ဖွဲ့စည်းပုံစည်းမျဉ်း'

**နိဒါန်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ နိုင်ငံသားတစ်ရပ်လုံးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စု ဒီမိုကရေစီနိုင်ငံသစ်ကို တည်ဆောက်ရန် အစဉ်တစိုက် အားထုတ်ကြိုးပမ်းခဲ့ကြပါသည်။

မြန်မာနိုင်ငံသူ၊ နိုင်ငံသားတို့၏ ဆန္ဒနှင့် ရည်မှန်းချက်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်၏ နိုင်ငံသားများဖြစ်ကြသော ကျွန်ုပ်တို့သည် အချုပ်အခြာ အာဏာပိုင် လွတ်လပ်သော မြန်မာနိုင်ငံကို စစ်မှန်သည့် ဒီမိုကရေစီ ပြည်ထောင်စုအဖြစ် အခိုင်အခံ့၊ အညီအညွတ် တည်ထောင်ရန် သန္နိဋ္ဌာန်ချ၍လည်းကောင်း၊ လူမှုဆက်ဆံရေးတရားမျှတမှု၊ နိုင်ငံရေးတရားမျှတမှု၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်နိုင်မှု၊ ဘုရားကျောင်းကန် စသည်တို့တွင် လွတ်လပ်စွာ သွားလာဝတ်ပြုနိုင်မှု၊ လွတ်လပ်စွာ ပရိယေသန ရှာမှီးနိုင်မှု၊ လွတ်လပ်စွာ စည်းရုံးနိုင်မှု၊ လွတ်လပ်စွာ ပြုမူဆောင်ရွက်နိုင်မှု၊ အဆင့်အတန်းညီမျှမှု၊ အခွင့်အလမ်း ညီမျှမှု၊ တရားဥပဒေအရာတွင် ညီမျှမှုတို့ကို နိုင်ငံသားအားလုံးတို့ ရရှိခံစားနိုင်စေခြင်းငှာ အခိုင်အမာခံဝန်ပြုရန် သန္နိဋ္ဌာန်ချ၍ ဤအခြေခံစည်းမျဉ်းဖွဲ့စည်းပုံကို ကျွန်ုပ်တို့(အမျိုးသား ညီညွတ်ရေးကွန်ဂရက် တည်ထောင်သူများ) အစည်းအဝေးမှ လက်ခံအတည်ပြုလိုက်ပါသည်။

## အခန်း (၁)

(၁) (က) **အမည်** ။ ။ အမျိုးသား ညီညွတ်ရေး ကွန်ဂရက်ဟု ခေါ်တွင်စေရမည်၊ အတိုကောက်အားဖြင့် **အ.ည.က** ဖြစ်ပါသည်။

(ခ) အင်္ဂလိပ်လို **United National Congress** ဖြစ်ပြီး အတိုကောက်မှာ U.N.C ဖြစ်သည်။

(၂) (က) **အလံတော်**



အလံသည် အနီရောင်အောက်ခံဖြစ်ပြီး၊ အလယ်၌ အဖြူရောင် ကြယ်တစ်ပွင့်ကို အဖြူရောင်သံလွင်ခက်က ဝန်းရံထားပါသည်။ အလံများ အချိုးအစားအတိုင်း ဖြစ်ရမည်။

## အလံတော်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်

အနီရောင်သည် ရဲရင့်ခြင်း၊ သူရသတ္တိရှိခြင်း၊ နိုးကြားခြင်း သဘောကိုဆောင်ပါသည်။ အဖြူရောင်သည် ဖြူစင်ခြင်း၊ ရိုးသားခြင်း၊ သစ္စာရှိခြင်း ဂုဏ်အင်္ဂါသဘော ဆောင်ပါသည်။ ကြယ်သည် လူမျိုးအားလုံး စည်းလုံးညီညွတ်စွာ စုပေါင်း နေထိုင်သော ပြည်ထောင်စု နိုင်ငံတော်ကို ရည်ညွှန်းကိုယ်စားပြုပါသည်။

သံလွင်ခက်သည် ငြိမ်းချမ်းရေးနှင့် ညီညွတ်မှု၊ ကြီးပွားတိုးတက်ရေးနှင့် တန်းတူညီမျှရေး သဘောကို ဆောင်ပါသည်။




### (ခ) ပါတီတံဆိပ်

အနီရောင်အောက်ခံ ပါတီအလံတွင် ပါရှိသော အဖြူရောင်ကြယ်နှင့် အဖြူရောင် သံလွင်ခက်ပေါ်တွင် "အမျိုးသား ညီညွတ်ရေး ကွန်ဂရက်" အဖြူရောင် စာတမ်းကိုလည်းကောင်း၊ သံလွင်ခက်၏ အောက်တွင် "UNITED NATIONAL CONGRESS" ဟူသော အဖြူရောင်အင်္ဂလိပ်စာတမ်း ပါရှိသည်။

### (ဂ) တံဆိပ်တုံး




စာရွက်စာတမ်းများတွင် ရိုက်နှိပ်ရန် တံဆိပ်တုံးသည် အချင်း ၁ လက်မရှိပြီး၊ "အမျိုးသား ညီညွတ်ရေး ကွန်ဂရက်" ဌာနချုပ်၊ တိုင်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပါရှိပြီး အလယ်တွင် စာအမှတ်နှင့် ရက်စွဲတို့ကို မြန်မာစာလုံးဖြင့်၎င်း၊ အင်္ဂလိပ်စာလုံးဖြင့်၎င်း ပြုလုပ်ထားပါသည်။

(၃) **ဌာနချုပ် တည်နေရာ**

ဌာနချုပ်တည်နေရာကို ရန်ကုန်မြို့အတွင်း ထားရှိရမည်။

## အခန်း (၂)

**ရည်ရွယ်ချက်**

(၄) (က) ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်သော မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသား၊ လူမျိုးနွယ်စုအား ကိုယ်စားပြုသည့် အမျိုးသား အဖွဲ့အစည်းအဖြစ် ရပ်တည်သွားရန်။

(ခ) မြန်မာနိုင်ငံသူ၊ နိုင်ငံသားလူမျိုးနွယ်စုအားလုံး၏ စည်းလုံးညီညွတ်မှု ရှိစေရေးကို ထိန်းသိမ်းဖော်ဆောင်သွားရန်။

(ဂ) မြန်မာနိုင်ငံသူ၊ နိုင်ငံသားလူမျိုးနွယ်စုများအား အဆင့်အတန်းခွဲခြားမှုမရှိဘဲ၊ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ လွတ်လပ်စွာ ဖော်ထုတ်ရေးသားပြောဆိုနိုင်ခွင့် ရရှိစေရေး၊ လွတ်လပ်စွာ စီးပွားကုန်သွယ်လုပ်ပိုင်ခွင့် ရရှိစေရေး စသည့် အခြေခံရပိုင်ခွင့်များကို ရရှိခံစားစေပြီး၊ စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ပေါ်ပေါက်လာစေရန် ဖြစ်ပါသည်။

**မူဝါဒ သဘောထား**

(၅) အမျိုးသား ညီညွတ်ရေး ကွန်ဂရက်၏ မူဝါဒ သဘောထားများမှာ -

(က) မြန်မာနိုင်ငံသူ၊ နိုင်ငံသားတိုင်း တန်းတူညီမျှရေး။

(ခ) မြန်မာနိုင်ငံအတွင်းရှိ လူမျိုးစုများ အားလုံး၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိရေး။

(ဂ) ဒီမိုကရေစီ အခွင့်အရေး၊ အခြေခံလူ့အခွင့်အရေး ကျား/မ ဆိုင်ရာ တန်းတူညီမျှမှုရှိသော၊ အချုပ်အခြာအာဏာပိုင်ခွင့်ရှိသော ပါတီစုံ ဒီမိုကရေစီနိုင်ငံ ပေါ်ပေါက်ရေး။

(ဃ) စစ်မှန်သော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ ပေါ်ပေါက်ရေး။

(င) ဥပဒေပြုမှု အာဏာ၊ အုပ်ချုပ်မှု အာဏာ၊ တရားစီရင်မှု အာဏာ အားလုံးတို့သည် နိုင်ငံသားတို့ထံမှ လာသည်ဟု ခံယူပါသည်။

**လုပ်ငန်းစဉ်**

(၆) အမျိုးသား ညီညွတ်ရေး ကွန်ဂရက်၏ လုပ်ငန်းစဉ်များမှာ -

(က) အသက်(၁၈)နှစ် ပြည့်ပြီးသော ပြည်ထောင်စုမြန်မာနိုင်ငံသားအား ပါတီဝင်အဖြစ် စည်းရုံးရမည်။

(ခ) ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ကိစ္စများအတွက် ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရန်။

(ဂ) ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏအစွဲ မထားရှိဘဲ၊ ရည်ရွယ်ချက်တူညီသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းပါတီများနှင့် လက်တွဲ ဆောင်ရွက်ရန်။

(ဃ) တိုင်းပြည်နှင့် လူမျိုးအတွက် အသက်၊ သွေး၊ ချွေးများ ပေးဆပ်ခဲ့သည့် ခေါင်းဆောင်ကြီးများ၏ လမ်းညွှန် ဆုံးဖြတ်ချက်များကို လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(င) မြန်မာနိုင်ငံအတွင်းရှိ လူမျိုးစုများ၏ သမိုင်းကို ပြုစုရန်အတွက်၊ တိုင်းရင်းသား လူမျိုးစုများ၏ စာပေ၊ ယဉ်ကျေးမှုများကို ဖော်ထုတ်နိုင်ရန် အားပေးရမည်။

**ဆောင်ပုဒ်**

"အမျိုးသားရေး ဝါဒမှ လူမျိုးစုံ သွေးစည်းရေး ဝါဒသို့ -"

**အခန်း (၃)**

**ပါတီဝင် ဖြစ်ခြင်း**

(၇) (က) နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ၊ ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူတို့ သည် သတ်မှတ်ထားသည့် ပုံစံဖြင့် ပါတီဝင် လျှောက်ထားနိုင်သည်။

(ခ) ပါတီစည်းမျဉ်း၊ စည်းကမ်းနှင့် ကိုက်ညီသူများကို ပါတီဝင်အဖြစ် အသိအမှတ်ပြုရမည်။

**ပါတီဝင်များလိုက်နာရမည့် စည်းကမ်းများ**

(၈) (က) အသက်(၁၈)နှစ်ပြည့်သည့် ပါတီဝင်များ မဲပေးနိုင်ခွင့်၊ ရွေးချယ်ခံပိုင်ခွင့်ရှိသည်။

(ခ) ပါတီ၏ စည်းမျဉ်း၊ စည်းကမ်း ညွှန်ကြားချက်များကို လိုက်နာရမည်။

(ဂ) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား နိုင်ငံသားအားလုံး စည်းလုံးညီညွတ်ရေး၊ အချုပ်အခြာ၊ အာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အစဉ်အရေးထား လေးစားလိုက်နာရမည်။

(ဃ) တိုင်းရင်းသား လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံနှင့် ချစ်ခင်မှု၊ နားလည်မှုကို လွဲမှားစေမည့် အပြုအမူ၊ အပြော အဆိုများကို ရှောင်ရှားရမည်။

(င) ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂနအစွဲဖြင့် ပါတီပြိုကွဲစေမည့် အပြုအမူ၊ အပြောအဆိုများကို ရှောင်ရှားရမည်။

(စ) ဒီမိုကရေစီ ကျင့်စဉ်အရ အများ၏ ဆုံးဖြတ်ချက်များကို လေးစားလိုက်နာရမည်။

**ပါတီဝင် အဖြစ်မှ ရပ်စဲခြင်း**

(၉) အောက်ပါအကြောင်းအရာများအနက်မှ တစ်ခုခု ဖြစ်ပေါ်လာလျှင်သော်လည်းကောင်း၊ ဖောက်ဖျက်၊ ကျူးလွန်လျှင်သော်လည်းကောင်း၊ ပါတီဝင်အဖြစ်မှ ရပ်စဲရမည်။

(က) ပါတီ၏ စည်းမျဉ်း၊ စည်းကမ်းများကို ဖောက်ဖျက်လျှင်

(ခ) ပါတီ၏ ဂုဏ်သိက္ခာညှိုးနွမ်းအောင် ပါတီ၏ စည်းလုံးညီညွတ်မှု ပျက်ပြားအောင်ပြုလုပ်လျှင်

(ဂ) ပါတီဝင်ကြေးနှင့် နှစ်စဉ်ကြေးများပေးဆောင်ရန် ပျက်ကွက်လျှင်

(ဃ) ရူးသွတ်လျှင်

(င) ကွယ်လွန်လျှင်

(စ) နုတ်ထွက်လျှင် ပါတီဝင်အဖြစ်မှ ရပ်စဲမည်။

**အယူခံခွင့်၊ ထုချေခွင့်**

(၁၀) (က) ပါတီဝင်တစ်ဦးသည် မိမိအပေါ် အရေးယူမှုကို မကျေနပ်လျှင် အထက်အဖွဲ့ဖြစ်သည့် ခရိုင်အဖွဲ့၊ တိုင်းနှင့် ပြည်နယ်အဖွဲ့၊ ဗဟိုအဖွဲ့သို့ အယူခံခွင့်ရှိသည်။

(ခ) အထက်အဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ပြည်လုံးကျွတ်ညီလာခံသို့ အယူခံခွင့်ရှိသည်။

(ဂ) ပြည်လုံးကျွတ်ညီလာခံ၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်ရမည်။

## အခန်း (၄)

**ပါတီ ဖွဲ့စည်းပုံ**

(၁၁) ပါတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်။

(က) ဗဟိုကော်မတီ

(ခ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့

(ဂ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့က တင်မြှောက်သော နာယကကြီးများ

(ဃ) တိုင်းဒေသကြီး/ပြည်နယ်အမှုဆောင်အဖွဲ့

(င) ခရိုင်အလုပ်အမှုဆောင်အဖွဲ့

(စ) မြို့နယ်အလုပ်အမှုဆောင်အဖွဲ့

(ဆ) ရပ်ကွက်/ကျေးရွာ အလုပ်အမှုဆောင်အဖွဲ့

(ဇ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို အဖွဲ့ဝင်(၂၁)ဦးဖြင့် ဖွဲ့စည်းရမည်။ တိုးချဲ့ဖွဲ့စည်းရန် လိုအပ်ပါက ပြည်လုံးကျွတ်ညီလာခံ၏ ဆုံးဖြတ်ချက်အရ တိုးချဲ့ဖွဲ့စည်းနိုင်ပါသည်။ (စာမျက်နှာ - ၈ ကြည့်)

**ကော်မတီဖွဲ့တာဝန်ပေးအပ်ခြင်း**

(၁၂) (က) ပညာရေးကော်မတီ၊ ကျန်းမာရေး ကော်မတီ၊ တရားရေး ကော်မတီ၊ လူမှုရေး ကော်မတီ၊ စာပေယဉ်ကျေးမှု ကော်မတီ၊ ပြန်ကြားရေး ကော်မတီ၊ စည်းရုံးရေး ကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ် ရမည်။

(ခ) အနည်းဆုံးကော်မတီဝင် ငါးဦးဖြင့် ဖွဲ့စည်းရမည်။

(ဂ) ကော်မတီတွင် ပါတီဝင်မဟုတ်သည့် ပညာရှင်များ၊ ကျွမ်းကျင်သူများကိုလည်း ထည့်သွင်းဖွဲ့စည်းနိုင်သည်။

## အခန်း (၅)

**ရွေးချယ်တင်မြှောက်ခြင်း**

(၁၃) (က) အမှုဆောင်များ ရွေးကောက်တင်မြှောက်ရာတွင် လိုအပ်ပါက ရွေးကောက်ပွဲကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးရမည်။

(ခ) ရွေးကောက်ပွဲတွင် ဝင်ရောက်အရွေးမခံသည့် အနည်းဆုံးပုဂ္ဂိုလ် (၃)ဦးဖြင့် ကော်မရှင်ကို ဖွဲ့စည်းရမည်။

(ဂ) လိုအပ်ပါက လျှို့ဝှက်မဲပေးစနစ်ကို ကျင့်သုံးရမည်။

## အခန်း (၆)

**ညီလာခံ ကျင်းပခြင်း**

(၁၄) (က) ပြည်လုံးကျွတ်ညီလာခံကို အနည်းဆုံး(၂)နှစ်တစ်ကြိမ် ကျင်းပရမည်။

(ခ) ဦးစီးညီလာခံကို အနည်းဆုံး(၁)နှစ်တစ်ကြိမ် ကျင်းပရမည်။

(ဂ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် အရေးပေါ်ပြည်လုံးကျွတ်ညီလာခံ၊ ဦးစီးညီလာခံများကို ခေါ်ယူကျင်းပနိုင်သည်။

## အခန်း (၇)

**ဘဏ္ဍာငွေ ရှာဖွေခြင်း၊ ထိန်းသိမ်းခြင်း**

(၁၅) (က) ပါတီဝင်ကြေး၊ နှစ်စဉ်ကြေး၊ အမှုဆောင်များ၏ ထည့်ဝင်ငွေနှင့် ပါတီကို ထောက်ခံသူ ပြည်တွင်းမှ အလှူရှင်များ၏ အလှူငွေများကို ရယူခွင့်ရှိသည်။

(ခ) အလှူငွေများကို ရယူရာတွင် အလှူငွေလက်ခံဖြတ်ပိုင်းဖြင့်သာ ရယူရမည်။

(ဂ) ဝင်ငွေ၊ ထွက်ငွေ၊ စာရင်းဇယားများကို စနစ်တကျထားရှိပြီး သုံးလတစ်ကြိမ် စာရင်းစစ် စစ်ဆေးအတည်ပြုချက် ရယူပြီး ထုတ်ပြန်ရမည်။

(ဃ) ပါတီပိုင်ပစ္စည်း၊ ဥစ္စာ၊ ငွေ၊ စာအုပ်စာတမ်း၊ စာရင်းဇယားများကို စနစ်တကျ ထိန်းသိမ်းထားရှိရမည်။

(ဂ) အမှုဆောင်အဖွဲ့အပြောင်းအလဲပြုလုပ်သည့်အခါတိုင်း ပါတီပိုင် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ ဥစ္စာ၊ ငွေ၊ စာအုပ်စာတမ်း၊ စာရင်းဇယားများနှင့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို စနစ်တကျ လွှဲပြောင်းပေးရမည်။

## အခန်း (၈)

(၁၆) ပါတီဖွဲ့စည်းပုံစည်းမျဉ်းကို ပြင်ဆင်၊ ပယ်ဖျက်၊ ဖြည့်စွက်ရန် လိုအပ်ပါက ပြည်လုံးကျွတ် ညီလာခံသို့ တက်ရောက်လာသည့် ညီလာခံကိုယ်စားလှယ် ထက်ဝက်ကျော်၏ သဘောတူညီချက်ဖြင့် ပြင်ဆင် ဖြည့်စွက်ရမည်။

## ဗဟိုအလုပ်အမှုဆောင်အဖွဲ့

| | | | |
|---|---|---|---|
| (၁) | ဥက္ကဋ္ဌ | (၁၁) | စာရင်းစစ် |
| (၂) | ဒု-ဥက္ကဋ္ဌ (၁) | (၁၂) | တွဲဖက်စာရင်းစစ် |
| (၃) | ဒု-ဥက္ကဋ္ဌ (၂) | (၁၃) | ပညာရေးတာဝန်ခံ |
| (၄) | ဒု-ဥက္ကဋ္ဌ (၃) | (၁၄) | ကျန်းမာရေးတာဝန်ခံ |
| (၅) | ဒု-ဥက္ကဋ္ဌ (၄) | (၁၅) | လူမှုရေးတာဝန်ခံ |
| (၆) | အတွင်းရေးမှူးချုပ် | (၁၆) | တရားရေးတာဝန်ခံ |
| (၇) | တွဲဖက်အတွင်းရေးမှူးချုပ် (၁) | (၁၇) | စာပေ၊ ယဉ်ကျေးမှု တာဝန်ခံ |
| (၈) | တွဲဖက်အတွင်းရေးမှူးချုပ် (၂) | (၁၈) | ပြန်ကြားရေး တာဝန်ခံ |
| (၉) | ဘဏ္ဍာရေးမှူး | (၁၉) | စည်းရုံးရေး တာဝန်ခံ |
| (၁၀) | တွဲဖက်ဘဏ္ဍာရေးမှူး | (၂၀) | လူငယ်ဌာနတာဝန်ခံ |
| | | (၂၁) | အမျိုးသမီးဌာန တာဝန်ခံ |